http://www.dhammadownload.com

## ပဏ္ဍိတာရာမ

## ရွှေတောင်ကုန်း ဆရာတော်ကြီး

ဟောကြားတော်မူသော

# လူသေပေမယ့် နာမည်နဲ့မျိုးနွယ်မသေ

သာသနာနှစ်-၂၅၅၀ မြန်မာနှစ်-၁၃၆၈ ခရစ်နှစ်-၂၀၀၆

http://www.dhammadownload.com

# ပဏ္ဍိတာရာမဆရာတော်ကြီး
# သာသနာ့ရိပ်သာဆရာတော်ကြီး
# ဟောကြားတော်မူသော

# လူသေပေမယ့် နာမည်နဲ့မျိုးနွယ်မသေ

http://www.dhammadownload.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ➢ ၃၂၀၄၅၅၀၆၀၇ |
| မျက်နှာဖုံးခွင့်ပြုချက် | ➢ ၃၂၀၄၆၅၀၆၀၈ |
| ထုတ်ဝေခြင်း | ➢ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ<br>ပထမအကြိမ် |
| အုပ်ရေ | ➢ ၁၀၀၀ အုပ်<br>ဓမ္မဒါန |
| ထုတ်ဝေသူ | ➢ ဦးကျော်ဟင်း<br>ယုံကြည်ချက်စာပေ<br>အမှတ် ၁၁၁၊ ၃၃ လမ်း<br>ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | ➢ ဒေါ်ခင်ခင်ဝင်း<br>ကလျာ OFFSET<br>၁၅၂၊ ကျွန်းရွှေမြိုင်လမ်း<br>သုဝဏ္ဏ၊ ရန်ကုန်မြို့။ |

http://www.dhammadownload.com



လောကမှာရခဲတဲ့ ပုဂ္ဂိုလ်နှစ်ဦးရှိပါတယ်။ ပါဠိလို ဒုလ္လဘလို့ ခေါ်ပါတယ်။ ရရန် ခဲယဉ်းတယ်။ ခဲယဉ်းတယ်ဆိုတော့ ရှားပါးတဲ့ ပစ္စည်းပေါ့။ ရှားပါးတဲ့ ပစ္စည်းဆိုရင် အလိုလို တန်ဖိုးက မြင့်တက်လာတာပဲ။ ရှားပါးလေလေ တန်ဖိုးက မြင့်တက်လာလေ။ ဈေး စကားနဲ့ပြောလို့ရှိရင် ဈေးကြီးတယ်။ ရှားပါ၊ ရခဲ၊ တန်ဘိုးကြီး၊ ဈေးကြီးတဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုရမှာပါပဲ။ အဲဒီပုဂ္ဂိုလ် ၂မျိုးက –

(၁) **ပုဗ္ဗကာရီ** – ရှေးဦးစွာ ကျေးဇူးပြုသူ။

(၂) **ကတညူ ကတဝေဒီ**– သူပြုဖူးတဲ့ ကျေးဇူးကို သိနားလည်ပြီးတော့ ဖော်ကျူး ကျေးဇူးပေး ဆပ်သူ။

**ပုဗ္ဗကာရီ** – ရှေးဦးစွာ ကျေးဇူးပြုသူဆိုတာ က မိဘနဲ့ သားသမီး၊ ဆရာနဲ့တပည့်၊ ကြီးသူ ကြီးသူ စွမ်းနိုင်သူများက ငယ်သူ ငယ်သူ အစွမ်းအစအားနည်း သူများကို ရှေးဦးစွာ ကျေးဇူးပြုသူ၊ မိသားစုထဲမှာ ဆိုရင်၊ မိဘဟာ ဦးစီးဦးကိုင်ပေါ့။ ဆွေမျိုးထဲမှာဆိုရင် အကျင့်စရဏ ကောင်းပြီး ဩဇာသြောင်းသူပေါ့။ရပ်ရွာ၊ မြို့၊ မြို့နယ်အသီးသီး၊ နယ်မှာ အကျင့်စရဏကောင်း၊

http://www.dhammadownload.com



အသိဉာဏ်ရှိပြီး ဩဇာသြောင်းတဲ့ ပုဂ္ဂိုလ်တွေ၊ အစိုးရ ပိုင်းမှာလည်း တရားနဲ့အညီ အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်တွေ ဟာ ရှေးဦးစွာ ကျေးဇူးပြုသူများလို့ ဆိုရမှာပေါ့။ရှေးဦး စွာ ကျေးဇူးပြုတယ်ဆိုတာ ကိုယ်ကျိုးငဲ့ပြီးပြုရတာ လည်းရှိတယ်။ ကိုယ်ကျိုး မငဲ့ဘဲပြုရတာလည်းရှိ တယ်။ မိဘနဲ့ သားသမီး၊ ဆရာနဲ့တပည့်ဆိုရင် ရာခိုင် နှုန်းအပြည့်လိုပါပဲ။ သားသမီး တပည့်အပေါ်မှာ ကောင်းစားစေချင်တဲ့ မေတ္တာအမှန် မေတ္တာအစစ်၊ ချမ်း သာစေချင်တဲ့၊ ကျန်းမာစေချင်တဲ့၊ အောင်မြင်စေချင်တဲ့၊ အစစအရာရာ အဆင်ပြေစေချင်တဲ့ မေတ္တာရှိကြပါ တယ်။ စစ်မှန်တဲ့ မေတ္တာထားတတ်သူဟာ ပေါင်းသင်း ဆက်ဆံရေးကအစ သူတစ်ပါးရဲ့ ချမ်းသာရေးကိုသာ လိုလားနေတော့၊ သူတစ်ပါးချမ်းသာကိုသာ ရှေ့ရှု နေတော့ သည်းခံတယ်၊ ခွင့်လွှတ်တယ်၊ အနစ်နာခံ တယ်။ တစ်ခါတစ်ခါ သည်းမခံနိုင်စရာအချက် ကလေးရှိလို့ ရုတ်တရက် လွတ်သွားပေမယ့် အချိန်မီ ထိန်းသိမ်းနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူကသူတစ်ပါး ချမ်းသာစေချင်တာကိုး။ သူတစ်ပါး ချမ်းသာရေးကိုသာရှေးရှုတာကိုး။ ကိုယ့်ချမ်းသာ

http://www.dhammadownload.com



ရေးကို မရှေး ရှုဘူး။ ရှေ့တန်းမတင်ဘူး။ ကိုယ့်ချမ်းသာရေးကို ဦးစား မပေးဘူး။ သည်းခံခွင့်လွှတ် အနစ်နာခံစရာ ရှိရင်အနစ် နာခံလိုက်တာပဲ။ နောက်ပိုင်းက ဘာတွေ ဖြစ်လာသလဲဆိုတော့ ကြင်နာမှုတွေ ဖြစ်လာပါတယ်။ စစ်မှန်တဲ့ မေတ္တာအခြေခံ လိုက်တော့ လူမှုဆက်ဆံရေးကအစ ပြေအေးစေနိုင်တဲ့ အနစ်နာခံမှု၊ သည်းခံမှုတွေ ဖြစ်လာပါတယ်။ ကောင်းစားစေချင်တော့ မေတ္တာစစ်၊ မေတ္တာ မှန်သူရဲ့ ဆန့်ကျင်ဘက် မုန်းမှု ဒေါသကင်းသွားတယ်။ ဆင်းရဲ စေချင်တဲ့ သဘောလည်းမရှိတော့ဘူး။ ရက်စက်တဲ့ ဒေါသလည်း ကင်းသွားပြီ။ သိပ်ကောင်းတာ။ မိဘတွေဆိုရင် သားသမီးတွေအပေါ်မှာ လောက၊ ဓမ္မ နှစ်ဌာနလုံးမှာ လူတစ်လုံး သူတစ်လုံး ဖြစ်စေချင်တာ။ ဘယ်တော့မှ သားသမီးတွေ ဆုတ်ယုတ် နစ်နာမှုတွေ မလိုလားဘူး။ ပြီးတော့ လက်ဦး ဆရာအနေနဲ့ ကောင်းကျိုး ချမ်းသာရစေဖို့ရန် ညွှန်ပြသင့်တဲ့ အရာတွေ ညွှန်ပြတာပဲ။ အဲဒါမေတ္တာရဲ့ အခြေအနေပေါ့။ ညွှန်ပြတဲ့ အတိုင်း သားသမီးတွေက ကျင့်သုံးရင် ကျင့်သုံးသလောက် အကျိုးကျေးဇူးများတာပဲ။

http://www.dhammadownload.com



လောကရေးမှာလည်း အကျိုးကျေးဇူးရှိ၊ ဓမ္မရေးမှာလည်း အကျိုးကျေးဇူးရှိလာတာပါပဲ။ တစ်ဖက်က မေတ္တာနဲ့ ကောင်းကျိုးချမ်းသာ ရစေဖို့ရန် ညွှန်ပြသလို အခြားတစ်ဖက် ဖက်ကလည်း အမှားတွေကို မပြုမိ၊ မပြောမိ၊ မကြံစည်မိလို့၊ ဆင်းရဲဒုက္ခ မရောက်စေလို့၊ ဆင်းရဲဒုက္ခ ရောက်ရမှာကို ပယ်ရှားလိုလို့၊ အဲဒါ ကြင်နာမှုခေါ်တယ်။ သားသမီးတွေ အပေါ်မှာ မိဘတွေ အနစ်နာခံတယ်ဆိုတာ အထူးပြောစရာ မလိုဘူး။ သားသမီးတွေ မှားတာတောင်မှ သည်းခံနိုင်တာ၊ အနစ်နာခံနိုင်တာ။ ဒါကြင်နာ သနားလို့ပါပဲ။ ဒီလိုကြင်နာ သနားတော့ အမှားတွေကို တားတယ်။ တားထားတဲ့ အမှားတွေကို သားသမီး တွေရှောင်ရင် ဒုက္ခမရောက်ဘူး။ 'မကောင်းမြစ်တား' ဆိုတဲ့အတိုင်း ဒုက္ခမရောက်စေချင်လို့ တားတာပါပဲ။ 'မကောင်းမြစ်တား ကောင်းရာညွှန်လတ်' ဆိုတာ သိပ်ကောင်းတာပဲ။ ကောင်းရာညွှန်တာ မေတ္တာ၊ တားတာ ကရုဏာ။ မေတ္တာ ကရုဏာထားပြီး သား သမီးတွေကို စောင့်ရှောက်တော့ အရွယ်အလိုက် သားသမီးတွေ ကျန်းမာရေးကောင်းလာတယ်။ ပညာရေးမှာလည်း

http://www.dhammadownload.com



တိုးတက်လာတယ်။ လူမှုဆက်ဆံရေးမှာလည်း တိုးတက်လာတယ်။ အထူးသဖြင့် လောကဘက်က ချွန်ရေးထက်၊ ယဉ်ကျေးမှုနဲ့ စပ်တဲ့ မွန်ရေးကို အလေးထားပြီး ပြုပြင်တတ်တဲ့ မိဘများရဲ့ လက်အောက်မှာ နေရတဲ့ သားသမီးများဟာ ချွန်ရုံ မဟုတ်ဘဲ မွန်လာတယ်။ ဒီလို ချွန်တာ မွန်တာတွေ တွေ့လို့ရှိရင် တပြုံးပြုံးနဲ့ ကြည်နူးကြည်သာမှုလို့ မုဒိတာတွေ လည်း ပွားရတယ်။ နောက်သားသမီးတွေက သူ့ အင်အားနဲ့သူ ရပ်တည်နိုင်တဲ့ အပိုင်းရောက်တဲ့ အခါမှာ စိတ်ချရလို့ အရင်တုန်းကလို ကြောင့်ကြ စိုက်စရာ မလိုတော့ဘူး။ သက်တောင့် သက်သာလေး ရှိသွားတာ။ ဒါ ဥပေက္ခာ သဘောပါပဲ။ ဥပေက္ခာ ဆိုတာ ပစ်ထားတာ မဟုတ်ပါဘူး။ မိဘတွေ ဒီလို သက်တောင့် သက်သာ ဖြစ်အောင် နေတတ်တဲ့ သားကောင်း သမီးကောင်းတွ ဖြစ်လာတာ။ အဲဒီ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတွေကို ဗြဟ္မစိုရ် တရားလို့ခေါ်ပါတယ်။ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်များသာ ကျင့်သုံးနိုင်လို့ ဗြဟ္မစရိယလို့လည်း ခေါ်ပါတယ်။ ဒီတရားရှိတဲ့ မိဘများနဲ့ အတူနေရတဲ့ သားသမီးများ

http://www.dhammadownload.com



ဟာ မိုးဗြဟ္မာကြီးများနဲ့ အတူနေရသလိုပါပဲ။ မိုးဗြဟ္မာကြီးများဟာ ကမ္ဘာလောကကြီးပေါ်မှာ သတ္တဝါတွေ ကောင်းစားစေချင်တဲ့ မေတ္တာထားတယ်။ မဆင်းရဲစေချင်တဲ့ (တစ်နည်း) ဆင်းရဲမှုမှ လွတ်မြောက်စေချင်တဲ့ ကြင်နာသနားတဲ့ ကရုဏာပွားတယ်။ မေတ္တာကရုဏာကို အခြေခံပြီး ပေါ်ပေါက်တဲ့ အကျိုးရလာဒ်ပေါ်မှာ ကြည်သာမှု မုဒိတာလည်း ပွားတယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာထားပြီး ကမ္ဘာလောကကြီးကို စောင့်ရှောက်တယ်။ အစောင့် အရှောက်မခံနိုင်အောင် သူ့ကံနဲ့ သူပေါ်လာတဲ့ သတ္တဝါတွေဟာ ကောင်းကံကလည်း ကောင်းကျိုးအလိုက်၊ မကောင်းကံကလည်း မကောင်းကျိုးအလိုက် စံရ၊ ခံရတာတွေ့ရင် သူ့ကံနဲ့သူပေါ့လေ။ ငါလည်း မတတ်နိုင်ဘူးဆိုပြီး သူပြုခဲ့တဲ့ ကောင်းကံ ဆိုးကံကို လွှဲချရတာ၊ သက်သာအောင် လုပ်ရတာ၊ ဘက်မျှစွာ ထားရတာကို ဥပေက္ခာလို့ဆိုပါတယ်။ အဲဒီလိုနည်းနဲ့ မိုးဗြဟ္မာကြီးဟာ သတ္တဝါတွေအပေါ်မှာ ဗြဟ္မစိုရ်တရား ဖြန့်နေတယ်လို့ ဆိုပါတယ်။ အဲဒီလို မိုးဗြဟ္မာကြီးနဲ့အတူ နေရသလိုပါပဲ။ ဒီလိုမိဘများ ရှားသွားပါပြီ။ မိဘတို့ကိုယ်တိုင်ကိုက

http://www.dhammadownload.com



အကျင့်စရဏနဲ့ ပတ်သက်ပြီး မွေးလာတဲ့ သားသမီးတွေ မွန်ဖို့ထပ် ချွန်ဖို့သာ အလေးထားကြတော့ သားကောင်းသမီးကောင်းဖြစ်ဖို့အတွက် ရှေ့တန်း မတင်တော့ဘူး။ နောက်ပိုင်းမှာ အချိုးမကျ အပိုးမသေတဲ့ သားသမီးတွေကို တွေ့ရပြီဆိုရင် မျက်ရည်တွေ စမ်းစမ်းလေးနဲ့ ဖြစ်ရပါတယ်။ ဝမ်းနည်းမှုနဲ့ အဆုံးသတ်ရပါတယ်။ မိဘဘက်ကလည်း ဝတ္တရား ချို့တဲ့ပြီးသားသမီးဘက်ကလည်း ဝတ္တရားချို့တဲ့သွားတာများနေပါပြီ။ မိုးဗြဟ္မာကြီးနဲ့တူတဲ့ မိဘတွေ လက်အောက်မှာ ကြီးပြင်းလာရတဲ့ သားသမီးတွေဆိုရင် တစ်ဖက်ကလည်း လောကသားပီပီ တတ်သင့်တတ်ထိုက်တဲ့ အတတ်ပညာတွေ တတ်ပြီးတော့ သူ့ဘဝနဲ့ ရပ်တည်နိုင်ဖို့ရာ ချွန်အောင်လုပ်ပေးတယ်။ အခြားတစ်ဖက်ကလည်း၊ ကိုယ်၊ နှုတ်၊ စိတ်သုံးပါး မမှားရအောင် ထိန်းချုပ်တယ်။ ထိန်းချုပ်တတ်အောင် အခြေခံကစပြီး ကိုယ်ကျင့်တရားတွေ သင်ပေးတယ်။ စိတ်နေ စိတ်ထားတွေ တတ်အောင် သင်ပြပေးတယ်။ ဆင်ခြင်တုံ အသိဉာဏ်တွေရအောင် ပြုလုပ်ပေးတယ်။ ဒီအသိဉာဏ်နဲ့ မလုံလောက်တော့ ပွားသိဉာဏ်တွေ

http://www.dhammadownload.com



ရအောင်လည်း ဘာသာရေး၊ သာသနာရေးနဲ့ ဆက်သွယ်ပေးတယ်။ ဒီလိုမွန်တဲ့ သားသမီးတွေ ကိုယ်ကျင့်တရားကောင်းတဲ့ သားသမီးတွေ၊ လူပီသတဲ့ သားသမီးတွေ၊ လူလိုစိတ်ထားတတ်တဲ့ သားသမီးတွေ၊ လူ့အသိဉာဏ်ရှိတဲ့ သားသမီးတွေ၊ တစ်နည်း လူ့အသိဉာဏ်ရှိပြီး လူ့ထက်လူဖြစ်တဲ့ သားသမီးတွေ ထွန်းကားလာတယ်။ ဒါတွေမြင်တွေ့ရတဲ့ မိဘတွေ ဘယ်လောက်ထိ စိတ်ချမ်းသာမလဲ၊ ဝမ်းသာမလဲ ဆိုတာ ကြည့်နိုင်တယ်။ အဲဒီအခြေအနေထိ ရောက်အောင် ပြုပြင်ပေးတဲ့ မိဘများကို ပုဗ္ဗကာရီလို့ခေါ်ပါတယ်။ လောက၊ ဓမ္မ နှစ်ဌာနလုံးမှာ သူတို့ပြုပြင်ပေးသွားတဲ့ ကျေးဇူးတွေကို သိတတ်တာကို ကတညူလို့ခေါ်ပါတယ်။ တချို့သူတွေ ဒီလိုကျေးဇူးကို သိကြတယ်ပြီး ကျေးဇူးကို ဖော်ထုတ်သင့်တဲ့ အပိုင်းရောက်လာပြီဆိုရင် ကျေးဇူးကို ကြွားတဲ့အနေနဲ့ မဟုတ်ဘဲ ဖော်ကျူးတယ်။ နှုတ်နဲ့ မဟုတ်တောင်မှ စိတ်နဲ့ဖော်ကျူးတယ်။ ထိုက်တန်တဲ့ ကျေးဇူးကြွေးတွေလည်း ဆပ်တယ်။ အသက်ရှင်ဆဲ ကာလမှာ ကျေးဇူးကြွေးဆပ်သလို ကွယ်လွန်ပြီးနောက်ပိုင်းမှာ

http://www.dhammadownload.com



လည်း ထိုက်တန်တဲ့ ကျေးဇူးကြွေးဆပ်တယ်။ ဒါလည်း ကတဝေဒီ ခေါ်ပါတယ်။ ကျေးဇူးသိတတ်၊ ကျေးဇူးဖော်ကျူးတတ်၊ ထိုက်တန်တဲ့ကျေးဇူးတွေ ဆပ်တတ်တဲ့ သားသမီးတွေက တညုကတဝေဒီ ခေါ်ပါတယ်။ ဆရာနဲ့ တပည့်လည်း ထိုနည်းလည်း ကောင်းပါပဲ။ အဲဒီပုဂ္ဂိုလ်နှစ်မျိုးဟာ လောကမှာ ဒုလ္လဘာ ရခဲတဲ့ ပုဂ္ဂိုလ်နှစ်မျိုးလို့ ဆိုပါတယ်။ ရခဲရင် ရှားပါး စာရင်းဝင်ပြီး တန်ဖိုးတက်တဲ့ ပုဂ္ဂိုလ်လို့ခေါ် ပါတယ်။

## "ရူပံ ဇီရတိ မစ္စာနံ၊ နာမဂေါတ္တံ န ဇီရတိ"

ဘဝ ဇာတိဖြစ်လာရင် ဘဝဇာတိနဲ့ စပ်တဲ့ ကိုယ်အလို မရှိတဲ့ဟာတွေ ဖြစ်တတ်တယ်။ ကိုယ်က ပျိုချင်တယ်၊ အိုတယ်။ ကိုယ်က မာချင်တယ်၊ နာတယ်။ ကိုယ်က နေချင်တယ်၊ သေတယ်။ ကိုယ်ရှိတော့ဆင်းရဲ၊ စိတ်ရှိတော့ စိတ်ဆင်းရဲ ခံရတယ်။ ဘဝ ဇာတိ ဖြစ်လာပြီဆိုရင် အချိန်မရွေး မမျှော်လင့်ဘဲ ဖြုန်းခနဲ နာနိုင်တယ်။ သေနိုင်တယ်။ သတ္တဝါများရဲ့ ရုပ်ကိုယ်ကြီးဟာ ဆွေးမြည့်ပြီး နောက်ဆုံး ပျက်စီး

http://www.dhammadownload.com



တာပါပဲ။ ခန္ဓာကိုယ်ကြီးကို စွန့်ခွာသွားရတာပါပဲ။ ဘယ်သူမှ ထိန်းမထားနိုင်ပါဘူး။ မြတ်စွာဘုရား လည်း ဒီအတိုင်းပါပဲ။ ရုပ်ကိုယ်ကြီးကတော့ ပျောက်ကွယ်သွားပါပြီ။ ရုပ်နဲ့စပ်တဲ့ နာမ်တရားလည်း ပျောက်ကွယ်သွားပါပြီ။ အမည်၊ အနွယ်ကတော့ မပျောက်ကွယ်ပါဘူး။ နာမည်လေးတွေ ကျန်နေပါသေး တယ်။ ကောင်းနာမည်၊ ဆိုးနာမည် နှစ်မျိုးထဲက ကောင်းနာမည် ကျန်နေပါသေးတယ်။ တစ်ကမ္ဘာလုံး ပေါ်မှာ ကောင်းစားစေချင်တဲ့ သဘောရှိပါတယ်။ စစ်မှန်တဲ့ မေတ္တာ၊ ကရုဏာ ထားတယ်။ မနာလိုမှု ဝန်တိုမှုကင်းပြီး အများကောင်းစားတာ၊ ပြည့်စုံတာကို ကြည်ဖြူတယ်။

အဲဒီအတိုင်း စောင့်ရှောက်လို့ ကိုယ်စောင့် ရှောက်တဲ့အတိုင်း မတည်မြဲဘူးဆိုရင် သက်တောင့် သက်သာဘက်မျှစွာ ယူနိုင်တယ်။

အစွန်းရောက်တဲ့ လောဘ၊ ဒေါသ၊ မောဟ အလိုလိုက်ပြီး ပြုမှား ပြောမှား စိတ်ထားမှားတွေ ဖြစ်တတ်လို့ အဲဒါတွေကို ဗုဒ္ဓတရားနဲ့ ထိန်းချုပ်ပြီး အစွန်းမရောက်ဘူးဆိုရင် ဆယ်မရလောက်အောင်မှား

http://www.dhammadownload.com



တာမရှိနိုင်ပါဘူး။ တစ်ခါတစ်ရံ ပုထုဇဉ် ပီပီမှားခဲ့တာ ရှိခဲ့ပေမယ့် မှားမှန်းသိပြီး ဝန်ခံရဲတယ်။ နောက်မမှား ရအောင်လည်း သတိထားတယ်။ ကောင်းသထက် ကောင်းလာတယ်။ အဲဒီပုဂ္ဂိုလ်ရဲ့ ဘဝအခြေအနေ ဟာ ရုပ်ကြီးကတော့ ပျောက်ကွယ် သွားပေမယ့် နာမည်ကတော့ မွေးပြီး ကျန်ခဲ့တယ်။ ကလျာဏ ကိတ္တိသဒ္ဒလို့ ခေါ်ပါတယ်။ ကောင်းသော ဂုဏ် သတင်း ကျန်ခဲ့တယ်။ ကိုယ်က လုပ်ယူရတာ မဟုတ် ပါဘူး။ တစ်ဦး တစ်ယောက်ကအစ အများရဲ့ ကောင်း ကျိုးကို ဗြဟ္မစိုရ်တရား လက်ကိုင်ထားပြီး အမြော် အမြင်နဲ့ ဆောင်ရွက်ပြီဆိုရင်၊ ဆောင်ရွက်လို့ အောင် မြင်ပြီဆိုရင် အများက ဒီပုဂ္ဂိုလ်ဟာ အများကောင်း ကျိုးအတွက် ဆောင်ရွက်နေသူပါလို့ စိတ်ထဲက လည်း ချီးကျူးတယ်၊ နှုတ်ကလည်း ဖော်ထုတ်ပြီး ချီးကျူးတယ်။ ကောင်းသတင်း ဖြစ်လာတယ်။ အဲဒီ ကောင်းသတင်းနဲ့အတူ နာမည်ကျန်ခဲ့တယ်။ ဒီလို မဟုတ်ဘဲ တစ်ကိုယ်ကောင်းဆန် စိတ်ထားမျိုး အများ အပေါ်မှာ ကောင်းစားချမ်းသာစေချင်တဲ့ မေတ္တာကင်း မဲ့မှုမျိုး၊ သည်းခံခွင့်လွှတ် အနစ်နာခံတာမျိုး မရှိဘဲနဲ့

http://www.dhammadownload.com



မုန်းတီးရက်စက်မှုမျိုး၊ လောဘ၊ ဒေါသတို့ရဲ့ အပြစ်ကို မမြင်ဘဲ ကိုယ့်ဟာကိုယ် အဟုတ်ထင်ပြီး မသိနားမလည် မိုက်မဲတဲ့ မောဟ ဒီတရားတွေ လွှမ်းမိုးပြီဆိုရင် သူ့အလိုလိုက်ပြီး နိုင်ထက်စီးနင်း အနိုင်ကျင့်တော့တာပါပဲ။ ကျူးလွန်စော်ကားမှုတွေ ဖြစ်လာတော့တာပါပဲ။ ကျူးလွန်စော်ကားမှုတွေ ဖြစ်လာပြီဆိုရင် စော်ကားခံရတဲ့ ပုဂ္ဂိုလ်တွေ မသက်သာပါဘူး။ ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကားသူများ ဆိုရင် ဗုဒ္ဓ အလိုတော်ကျအရ လူမပီသ၊ နဂိုကတည်းက အစွန်းရောက်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေဟာ သူ့အကျိုး ကိုယ့်ကျိုးကို ဖျက်ဆီးတတ်တဲ့ တရားလို့ မသိတော့ အသိဉာဏ်က မဲ့ပြီး မှားကြတော့တာပါပဲ။ အခြေခံ လူ့သိက္ခာတွေလည်း မရှိတော့ပါဘူး။ စက်ဆုပ်စရာ ရွံ့စရာကောင်း ကြောက်စရာကောင်းတဲ့ အပြုအမူတွေကို မပြုမိရအောင် မပြောမိရအောင်မကြံစည်မိရအောင် ထိန်းရမယ်။ လူ့သဘာဝ အကျင့်ဆိုးတွေကို မပြုမိ၊ မပြောမိ၊ မကြံစည်မိရအောင် ထိန်းရမယ်။ ဒီလိုအသိမျိုးနဲ့ ထိန်းတဲ့ လူဦးရေများလာပြီဆိုရင် မြန်မာပြည်မှာ အကျင့်စရဏ ကောင်းတဲ့ လူဦး

http://www.dhammadownload.com



ရေများလာတယ်။ စိတ်ကိုလည်း ပြုပြင်တတ်ပြီ ဆိုရင် လူလိုစိတ်ထားတတ်သူလည်း ပေါများမယ်။ အဲဒီက တစ်ဆင့် ဆက်ပြီး ဆင်ခြင်တုံတရားနဲ့ တကယ် အသိအမှန်တွေကို တိုးအောင်၊ ပွားအောင် ကြီးအောင် ထွားအောင် ပြုလုပ်လို့ စိတ်ချရတဲ့အပိုင်း ရောက်သွား ပြီဆိုရင် လူလိုအသိရှိသူလည်း တိုးတက် ဖွံ့ဖြိုးလာ မယ်။ လူ့ထက်လူ ဖြစ်လိုတဲ့ ပုဂ္ဂိုလ်တွေများလာမယ် ဆိုရင် သိပ်ကောင်းမှာပဲ။ လိုအပ်တဲ့ ဣန္ဒြာရုံနဲ့ ကြုံရမှာ ပါပဲ။ ကောင်းတာနဲ့ ကြုံချင်ရင် စက်ဆုပ်စရာ၊ ရွံ့စရာ ကောင်းတဲ့ အကျင့်ဆိုးတွေကို မပြုမိ၊ ပြောမိ၊ မကြံ စည်မိရအောင် ရှောင်ပါတဲ့။ အဲဒါကို ပါဠိလို ဟိရိဗလ သြတ္တပ္ပဗလ ခေါ်ပါတယ်။ အရှက်စွမ်းအားနဲ့ အကြောက်စွမ်းအားရှိအောင် ပြုရမယ်။ ကြောက်တယ် ဆိုတာ အရှုံးပေးကြောက်တာ၊ ဒေါသကြောက်တာ မဟုတ်ဘူး။ အသိဉာဏ်နဲ့ ယှဉ်ပြီး မိမိကိုယ်ကို အနိုင် ယူတဲ့ အကြောက်မျိုးပါ။ ဥပမာအားဖြင့် မစင်ကို ကိုင်ရမှာကို ရွံ့တယ်။ ခြစ်ခြစ်တောက် ပူနေတဲ့ သံတုံး ကြီးကို ကိုင်ရမှာကို ရွံ့တယ်။ ကြောက်တယ်။ ကိုယ် ညစ်ပတ်သွားမှာ ရွံ့တာမျိုး၊ ကိုယ်ထိပါးသွားမှာ

http://www.dhammadownload.com



ကြောက်တာမျိုးရှိဖို့ လိုအပ်ပါတယ်။ ဗုဒ္ဓနည်းနဲ့ တိုင်းသူပြည်သူ သာသနာပြုတယ်ဆိုတာ ဒါပါပဲ။ ကိုယ့်ကိုယ် ကိုယ် ထိန်းနိုင်အောင် အရှက်စွမ်းအားနဲ့ အကြောက် စွမ်းအား နှစ်ခုရှိဖို့ သိပ်အရေးကြီး ပါတယ်။ အခြေခံ ကိုယ်–ကျင့်သီလ ရှိရမယ်။ စိတ်မှ အအေးဓာတ်ထည့် ပြီး အပူဓာတ် ထုတ်ပစ်ရမယ်။ အသိဉာဏ်ရအောင် လုပ်ရမယ်။ ကိုယ်ကျင့်တရား ရှိတော့ မမှားတော့ဘူး။ ကိုယ့်ကိုယ်ကိုယ် ထိန်းတော့ စာနာစိတ်ထားတော့ သူတစ်ပါးကိုလည်း ကာကွယ် စောင့်ရှောက်ပြီးသား ဖြစ်သွားတယ်။ သူတစ်ပါးကို ကာကွယ် စောင့်ရှောက်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် လည်း မမှားရအောင် ထိန်းသိမ်းပြီးသား ဖြစ်သွား တယ်။ အအေးဓာတ်ထည့် လိုက်တဲ့အခါ အပူဓာတ် ဟာ တဖြည်းဖြည်းနဲ့ ဆုတ်ယုတ်အားနည်း သွား တယ်။ အသိဉာဏ်အဆင့်ဆင့် ဖြစ်ပွားလာတဲ့အခါ စိတ်ဓာတ်ရင့်ကျက်လာတယ်။ စိတ်ဓာတ်ရင့်ကျက်ရင် လောကဓံစုံကို ကြံ့တိုင်း ခံနိုင်ရည်ရှိလာမယ်။ ဒီလို လုပ်ပေးနိုင်ရင် ကောင်းတဲ့ တစ်ပိုင်းဟာ ကျစ်ကျစ် လျစ်လျစ် သိပ်သိပ်သည်းသည်း သန်သန်မာမာ

http://www.dhammadownload.com



ရှိလာမယ်။ သန့်စွမ်းလာမယ်။ ကောင်း တဲ့အပိုင်းထဲမှာ အမြဲတစေ ရပ်တည်နိုင်ဖို့ ကိုယ့်ဟာ ကိုယ်ထိန်းသိမ်းရမယ်။ ဒီလို မလုပ်မဖြစ် လုပ်ရမယ်။ ကိုယ်တိုင်လုပ်ရမယ်။ အချိန်မီ၊ အချိန်မှန် လုပ်ရမယ်။ တစ်ပိုင်း ကောင်းပြီး မျိုးသန့်မျိုးကောင်း ဖြစ် လာရင်နောက်ထပ် အနာဂတ်မျိုးဆက်သစ်ကောင်းကိုရမယ်။ စိုက်ပျိုးရေးမှာ ပထမဦးဆုံး မျိုးကောင်း၊ နောက်လယ်ယာကောင်း ရွေးရမယ်။ လယ်ယာ ကောင်းမှမျိုးကောင်းချရမယ်။ သင့်တော်တဲ့ စောင့်ရှောက်မှုနဲ့ဆောင်ရွက်လိုက်ရင် ထင်ထာတက် ဖွံ့ဖြိုးလာမယ်။ ဒီစိုက်ပျိုးရေးနည်းကို အတုယူပြီး ဆက်လက်ဆောင်ရွက်သွားမယ်ဆိုရင် လူသာ အချိန်ကျလို့ပျောက်ကွယ်သွားပေမယ့် နာမည်နဲ့ အနွယ်ကတော့မပျောက်ဘူး။ ကောင်းသတင်းနဲ့ ကျန်ရစ်ခဲ့မှာပါ။

ဒီတော့ လူ, အဖြစ်နဲ့ သာသနာတော်ကြီးနဲ့ကြုံကြိုက်တဲ့အခါ ကြုံကြိုက်ရကျိုးနပ်ရေးအတွက်ရရှိတဲ့ လူ့ဘဝလေးကို အခြေခံကိုယ်ကျင့်တရားတွေပြည့်စုံပြီး လူပီသဖို့၊ လူလိုစိတ်ထားတတ်ဖို့နဲ့ လူ့အသိဉာဏ်တွေ ရှိဖို့နဲ့ အထူးသတိထားနိုင်ကြ၍

http://www.dhammadownload.com



ရုပ်ကိုယ်ကြီးဟာ အချိန်ကျလို့ ဆွေးမြည့်ပျက်စီးသွားပေမယ့် နာမည်ကောင်းလေးတွေ ဗုဒ္ဓသာသနာ့ဝင်မျိုးနွယ်ကောင်းလေးတွေ စဉ်ဆက်မပြတ် ကျန်ရစ်အောင်ကြိုးစားအားထုတ်နိုင်ကြပါစေ . . . ။

http://www.dhammadownload.com